# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၄၅ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် )

## ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ရေးကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်အဖြစ် အကောင်အထည်ဖော်ရာတွင် ဈေးကွက်စီးပွားရေး စနစ်တည်ငြိမ်မှုမရှိစေရန် လုပ်ဆောင်နေမှုများကို ကာကွယ်နိုင်သည့်ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အတွက် “ **ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ရေးကို ဆန့်ကျင်ခြင်းမှကာကွယ်သည့် ဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ** ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန

(င) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(စ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

၂။ ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ရေးကို ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ(မူကြမ်း)ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်စေရေးအတွက် အခြားနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိသော ဥပဒေမူဘောင်များအား လေ့လာသုံးသပ်၍ မိမိနိုင်ငံ၏အခြေအနေများနှင့်ကိုက်ညီအောင် ဥပဒေ(မူကြမ်း) ပြုစုရေးဆွဲရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံဝိသေသလက္ခဏာများကို အခြေခံကာ မှန်ကန်သည့် ဈေးကွက်စီးပွားရေးစနစ် ထူထောင်နိုင်ရေးအတွက် ဥပဒေကြောင်းမှ အထောက်အပံ့ပြုနိုင်ရေး ထည့်သွင်းရေးဆွဲရန်၊

(ဂ) ဈေးကွက်စီးပွားရေးစနစ်မှ သွေဖီသည့်ဆောင်ရွက်မှုများ မပေါ်ပေါက်စေရေးအတွက် ဥပဒေဖြင့် ထိန်းကျောင်းနိုင်ရေး ထည့်သွင်းရေးဆွဲရန်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ချမှတ်သည့်မူဝါဒများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ ဆောင်ရွက်မှုများကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေရှိစေရန် တည့်မတ်ပေးနိုင်ရေး ထည့်သွင်းရေးဆွဲရန်၊

(င) တည်ဆဲဥပဒေများတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်မကိုက်ညီသည့် ပြဋ္ဌာန်းချက်များပါရှိပါက ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ထည့်သွင်းရေးဆွဲရန်၊

(စ) ဈေးကွက်စီးပွားရေးစနစ်ကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်သည့် ပြုလုပ်မှုများကို တားမြစ်ရန်နှင့် ယင်းတားမြစ်ချက်ကိုဖောက်ဖျက်ပါက အရေးယူနိုင်ရေး ထည့်သွင်းရေးဆွဲရန်၊

(ဆ) ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီသည့် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် ဝိရောဓိမဖြစ်စေရေး ထည့်သွင်းစဉ်းစားရေးဆွဲရန်၊

(ဈ) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့၏ အကြံပြုချက်များ အပေါ် စိစစ်သုံးသပ်၍ ပြင်ဆင်၊ ဖြည့်စွက်ရေးဆွဲရန်၊

(ည) ဥပဒေ(မူကြမ်း)ရေးဆွဲသည့် လုပ်ငန်းအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်ရန်၊

(ဋ) ဥပဒေ(မူကြမ်း)အား အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး